ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
**ဆေးတက္ကသိုလ်၊မကွေး**


ပါမောက္ခချုပ် (ရုံး) - 063-2023760
Fax- - 063-2025309
magwaymedicalunviersity@gmail com
ဌာနမှူး (စီမံ/ဘဏ္ဍာ) . 063-2025321
မော်ကွန်းထိန်း - 063-2023762
(မှူ) - 063-2023701
- 063-2023702


စာအမှတ်၊ ၃၂၃၈ / ၃-မကဆ (င) / ၂၀၂၀
ရက်စွဲ ၊ ၂၀၂၀ခုနှစ်၊ အောက်တိုဘာလ( ၃ ) ရက်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ် - မကွေးတွင် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် စာသင်ဆောင် (၄)ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ အဖွဲ့အစည်း/ကုမ္ပဏီ၊ ကန်ထရိုက်တာ များထံမှ အိတ်ဖွင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

## ၁။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့်လုပ်ငန်းများ

**(၄)ထပ် စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း**

(က)အတိုင်းအတာ (၂၄၀' x ၃၆' x ၄၅') RC (မိုးကြိုးလွှဲအပါအဝင်)
(ခ) အဆိုပါအဆောက်အဦအတွက်အတွင်း/အပြင် လျှပ်စစ်လုပ်ငန်း
(ဂ) အဆိုပါအဆောက်အဦအတွက် ရေရေစက်နှင့်ဆက်နွယ်သောလုပ်ငန်း(၄"အဝီစိတွင်းသောက်သုံးရေရသည်အထိနှင့် Pump House အပါအဝင်)
(ဃ)ရေဆင်းနှင့်ရေမြောင်း(Apron & Drain )ဆောင်ရွက်ခြင်းလုပ်ငန်း
(င) (Over Head Tank & (15000) ဂါလံဆံ့ Ground Tank အပါအဝင်)
(စ) မိလ္လာကန်နှင့်ရေစစ်ကန် စသည့် ဆက်စပ်လုပ်ငန်း

## ၂။အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ

(၁) အိတ်ဖွင့်တင်ဒါလျှောက်လွှာကိုဆေးတက္ကသိုလ်၊မကွေးတွင်(၉. ၁၀ . ၂၀၂၀ )ရက်နေ့၌ စတင်ရောင်းချပါမည်။
(၂) အိတ်ဖွင့်တင်ဒါလျှောက်လွှာ(၁)စောင်အတွက်တန်ဖိုးကို(၁၀၀၀၀ိ/-)(ကျပ်တစ်သောင်းတိတိ)ဖြင့်ရောင်းချပါမည်။
(၃) အိတ်ဖွင့်တင်ဒါငွေတန်ဘိုးကို (ကျပ် - သိန်း)ဖြင့် ဖော်ပြရန်ဖြစ်ပါသည်။
(၄) အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာ (သို့)ကန်ထရိုက်တာမှ လက်မှတ်ရေးထိုးပေးပို့ရမည်။
(၅) အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့်အတူ တင်သွင်းမည့် BQ, Drawing တို့အား ပေးပို့ရမည်။
(၆) အိတ်ဖွင့်တင်ဒါနောက်ဆုံးလက်ခံမည့် နေ့ရက်၊အချိန်၊ (၂၀၂၀)ခုနှစ်၊ဒီဇင်ဘာလ၊ ( ၈ ) ရက်၊ (၁၆ းဝဝ ) နာရီထက် နောက်ကျရောက်ရှိလာသော တင်ဒါများကိုဌာနမှ လုံးဝစဉ်းစားမည်မဟုတ်ပါ။
(၇) မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှစိစစ်ထုတ်ပေးလျှက်ရှိသောအခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပူးတွဲတင်ပြရမည်။
(၈) **ဈေးနှုန်းအဆိုပြုလွှာတင်ပြခြင်း**
(က) အဆိုပြုတင်ပြသည့် တင်ဒါတွက်ချက်မှုကို တင်ဒါတင်သွင်းသူမှ လုံးဝတာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာတာဝန်ရှိသည်။)
(ခ) လုပ်ငန်းတန်ဘိုးတွက်ချက်ရာတွင် with - holding Tax (၂%)ပေးဆောင်ရမည်။အဆိုပါ(၂%) အား သီးခြားတွက်ချက်တင်ပြခြင်း မပြုရ။
(ဂ) ပြည်ထောင်စုစာရင်းစစ်ရုံးမှစစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ပေးသွင်းငွေရှိလျှင်ကုမ္ပဏီမှအပြည့်အဝတာဝန်ယူပေးသွင်းရပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

ပါမောက္ခချုပ် (ရုံး) - 063-2023760
Fax- - 063-2025309
magwaymedicalunviersity@gmail com
ဌာနမှူး (စီမံ/ဘဏ္ဍာ) . 063-2025321
မော်ကွန်းထိန်း - 063-2023762
(မှူး) - 063-2023701
- 063-2023702

ဆေးတက္ကသိုလ်၊မကွေး

စာအမှတ်၊ ၃၂၃၉ / ၃-မကဆ (င) / ၂၀၂၀
ရက်စွဲ ၊ ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ ( ၃ ) ရက်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ် - မကွေးတွင် (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီ၊ ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူ မည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

**၁။ လုပ်ငန်းစီမံကိန်းသစ်များ**

(၁) တိုင်းဆေးရုံကြီးရှိ Gallery A+B (၈၀' x ၅၆') (၂) ဆောင်အတွက် အမိုးပြုပြင်ခြင်း ( ၆၁၁၈ စ/ပ) မျက်နှာကျက်များပြုပြင်ခြင်း (၅၄၀၀ စ /ပ)၊ရေလိုင်း၊မီးလိုင်းများပြုပြင်ခြင်းလုပ်ငန်း

(၂) တိုင်းဆေးရုံကြီးရှိ Post-Mortem Teaching Hall (၄၀' x ၂၀' x ၃၀') အတွက်အတွင်းအပြင်ဆေးသုတ်ခြင်း ( ၈၀၀ စ/ပ)၊ရေလိုင်း၊ မီးလိုင်းများပြုပြင်ခြင်းလုပ်ငန်း

(၃) တိုင်းဆေးရုံကြီးရှိ (၂)ထပ်စာသင်ဆောင် (၁၄၄' x ၃၈')အတွက်အမိုးပြုပြင်ခြင်း (၄၇၆၀ စ/ပ)၊မျက်နှာကျက်ပြုပြင်ခြင်း (၅၆၀၀ စ/ပ)ရေလိုင်း၊မီးလိုင်းများပြုပြင်ခြင်းလုပ်ငန်း

**၂။အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ**

(၁) အိတ်ဖွင့်တင်ဒါလျှောက်လွှာကိုဆေးတက္ကသိုလ်၊မကွေးတွင်( ၉ . ၁၁ . ၂၀၂၀ )ရက်နေ့၌ စတင်ရောင်းချပါမည်။

(၂) အိတ်ဖွင့်တင်ဒါလျှောက်လွှာ(၁)စောင်အတွက်တန်ဘိုးကို(၂၀၀၀ိ/-)(ကျပ်နှစ်ထောင် တိတိ ) ဖြင့်ရောင်းချပါမည်။

(၃) အိတ်ဖွင့်တင်ဒါငွေတန်ဘိုးကို (ကျပ် - သိန်း)ဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

(၄) အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာ (သို့)ကန်ထရိုက်တာမှ လက်မှတ်ရေးထိုးပေးပို့ရမည်။

(၅) အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့်အတူ တင်သွင်းမည့် BQ, Drawing တို့အား ပေးပို့ရမည်။

(၆) အိတ်ဖွင့်တင်ဒါနောက်ဆုံး လက်ခံမည့် နေ့ရက်၊ အချိန်၊ (၂၀၂၀ )ခုနှစ်၊ ဒီဇင်ဘာလ၊ ( ၈ ) ရက်၊ (၁၆ း၀၀ ) နာရီထက် နောက်ကျရောက်ရှိလာသော တင်ဒါများကိုဌာနမှ လုံးဝစဉ်းစားမည်မဟုတ်ပါ။

(၇) မြို့နယ်အခွန်ဦးစီးဌာနမှ၊ ရုံးမှစိစစ်ထုတ်ပေးလျှက်ရှိသောအခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပူးတွဲတင်ပြရမည်။

(၈) **ဈေးနှုန်းအဆိုပြုလွှာတင်ပြခြင်း**

(က) အဆိုပြုတင်ပြသည့် တင်ဒါတွက်ချက်မှုကို တင်ဒါတင်သွင်းသူမှ လုံးဝတာဝန်ယူရမည်။
(မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာတာဝန်ရှိသည်။)

(ခ) လုပ်ငန်းတန်ဘိုးတွက်ချက်ရာတွင် with - holding Tax (၂%)ပေးဆောင်ရမည်။အဆိုပါ(၂%) အား သီးခြားတွက်ချက်တင်ပြခြင်း မပြုရ။

(ဂ) ပြည်ထောင်စုစာရင်းစစ်ရုံးမှစစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ပေးသွင်းငွေရှိလျှင်ကုမ္ပဏီမှအပြည့်အဝတာဝန်ယူပေးသွင်းရပါမည်။

(၉) **အိတ်ဖွင့်တင်ဒါအာမခံငွေပေးသွင်းခြင်း**

(က) အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေအား လုပ်ငန်းတန်ဘိုး၏ (၁%) ကို PO ဖြင့် မကွေးမြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက် စိစစ်ရွေးချယ် ဆောင်ရွက်ပြီးပါက အာမခံစပေါ်ငွေကို (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်။

(ခ) တင်ဒါအောင်မြင်သူများအနေဖြင့် (၅)ရက်အတွင်းအဆောက်အဦ တန်ဘိုး၏(၅%)ကို လုပ်ငန်းအာမခံငွေအဖြစ်မကွေးမြန်မာ့စီးပွားရေးဘဏ်သို့တိုက်ရိုက်ပေးသွင်းရမည်။အဆိုပါလုပ်ငန်းအာမခံငွေအားအဆောက်အဦ ပြီးစီး၍ (၁)နှစ်ပြည့်ပြီးမှသာပြန်လည်ထုတ်ပေးမည်။

(ဂ) တင်ဒါအောင်မြင်သူများအနေဖြင့် အဆောက်အဦတန်ဘိုး၏ (၁%)ကို တံဆိပ်ခေါင်းခွန်အဖြစ်ပေးဆောင်ရမည်။

(ဃ) တင်ဒါအောင်မြင်သူများအနေဖြင့် အဆောက်အဦတန်ဘိုး၏ (၅%)ကိုကုန်သွယ်ခွန်အဖြစ် ပေးဆောင်ရမည်ဖြစ်ပြီးထည့်သွင်း တွက်ချက်ရမည်။

(၁၀) လုပ်ငန်းဆောင်ရွက်ခြင်းအား လုပ်ငန်းအပ်နှံသူမှ သတ်မှတ်သည့် စံချိန်စံညွှန်းအတိုင်းသတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးရမည်။

(၁၁) တင်ဒါအောင်မြင်သူမှ လုပ်ငန်းများကိုကျွမ်းကျင်သူအင်ဂျင်နီယာအဖွဲ့၊စက်၊ယာဉ်ယန္တရားများ ပြည့်စုံစွာဖြင့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ရမည်။

(၁၂) **အိတ်ဖွင့်တင်ဒါရွေးချယ်ခြင်းနှင့်ငြင်းပယ်ခြင်း**

သတ်မှတ်ချက်များနှင့် မညီညွတ်သည့်တင်ဒါများသည် ရွေးချယ်ရန်မသင့်သည့် အိတ်ဖွင့်တင်ဒါရှင် များအဖြစ်သတ်မှတ်မည်ဖြစ်သည်။ တင်ဒါရွေးချယ်သည့် အဖွဲ့အနေဖြင့် မည်သည့် အိတ်ဖွင့်တင်ဒါ ကိုမဆို အကြောင်းမဖော်ပြပဲ ပယ်နိုင်ခွင့်ရှိသည်။

(၁၃) **အဆောက်အဦအာမခံ သက်တမ်းသတ်မှတ်ခြင်း**

အဆောက်အအုံ /လုပ်ငန်းအာမခံသက်တမ်းသတ်မှတ်ခြင်းသဘာဝဘေးအန္တရာယ်မှအပ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း/ကုမ္ပဏီ၏ ကြီးကြပ်မှု အားနည်းချက်အရလည်းကောင်း၊ စံချိန်စံညွှန်း မပြည့်ဝမှုကြောင့်လည်းကောင်း ပျက်စီးမှုရှိပါက လုပ်ငန်းလက်ခံပြီး(၂ နှစ်)အတွင်း ဖြစ်ပေါ်သည့် ပျက်စီးမှုများကို မိမိစရိတ်ဖြင့်ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရမည်။တင်ဒါအောင်မြင်သူသည်လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအစီရင်ခံစာများကို လုပ်ငန်းအပ်နှံသူထံ အပတ်စဉ် ပုံမှန်တင်ပြသွားရမည်။

(၁၄) **လုပ်ငန်းတိုးတက်မှုတင်ပြခြင်း**

တင်ဒါအောင်မြင်သည့်ကုမ္ပဏီသည် တည်ဆောက်ရေးလုပ်ငန်းအစီအစဉ်နှင့်တိုးတက်မှုပြန်တမ်းများ၊အစီရင်ခံစာများကို (၂)ပတ်တစ်ကြိမ်လုပ်ငန်းအပ်နှံသူထံတင်ပြရမည်။သီးခြားထပ်မံတောင်းခံပါကပြုစုတင်ပြပေးရမည်။

(၁၅) တင်ဒါအောင်မြင်သူသည် လုပ်ငန်း၏ ပုံစံပြသက်တမ်းအတိုင်းခိုင်ခန့်မှုကို အပြည့်အဝတာဝန်ယူရမည်။

(၁၆) ဘတ်ဂျက်နှစ်အတွင်းသတ်မှတ်ကာလလုပ်ငန်းပြီးစီးမှုမရှိ၍သက်တမ်းတိုးအချိန်ပိုတောင်းခံလာပါကကျန်လုပ်ငန်းတန်ဘိုး၏ (၀. ၀၁%) ဒဏ်ကြေးပေးဆောင်ရမည်။

(၁၇) တင်ဒါအောင်မြင်သူသည် ပုံစံဒီဇိုင်းနှင့်ခန့်မှန်းခြေစာရင်းပါ လုပ်ငန်းများအတွင်း ပြန်လည်ပြုပြင်ပေးရန် (သို့မဟုတ်) ဖြည့်စွက်လုပ်ကိုင်ပေးရန်စိစစ်တွေ့ရှိပါက လုပ်ငန်းအပ်နှံသူ ကျေနပ်သည်အထိလုပ်ငန်းဆောင်ရွက်သူ၏ ငွေ/ပစ္စည်း/လုပ်အားတို့ဖြင့် ပြန်လည်ဆောင်ရွက်ပေးရမည်။

(၁၈) ကုမ္ပဏီအမည်မတူသော်လည်း ဒါရိုက်တာအဖွဲ့စာရင်း (Board of Directors)၌ ဒါရိုက်တာအမည်တူ နှစ်ဦးနှင့်အထက်တူညီနေပါက ကုမ္ပဏီတခုသာ ဝင်ရောက်ယှဉ်ပြိုင်ရပါမည်။လိုက်နာဆောင်ရွက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တင်ဒါကော်မတီ၏ အဆုံးအဖြတ်အတိုင်းလိုက်နာရမည်။

(၁၉) တင်ဒါအောင်မြင်သောကုမ္ပဏီသည် တဆင့်ခံကန်ထရိုက် (Sub Contract) ထပ်မံလွှဲပြောင်းခြင်းမပြုရ။

(၂၀) လုပ်ငန်းနှင့်ပတ်သက်သည့် တိုင်းတာပုံထုတ်ခြင်း၊ QC စစ်ဆေးခြင်းနှင့် QC ဝန်ထမ်းလစာတို့ကိုတင်ဒါအောင်မြင်သူမှ ကျခံရမည်။

(၂၁) တင်ဒါတင်သွင်းသူသည် မိမိလုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းအား မြေပြင်သို့ သွားရောက်ကြည့်ရှုပြီးမှ စနစ်တကျတွက်ချက်၍ တင်သွင်းရမည်။

(၂၂) အိတ်ဖွင့်တင်ဒါအောင်မြင်သူသည် ပါမောက္ခချုပ်၊ဆေးတက္ကသိုလ်၊မကွေးနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ရမည်။

(၂၃) အိတ်ဖွင့်တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်များအရ ပြည့်စုံစွာတင်ပြရမည်။

(၂၄) ပူးတွဲပါဇယားများအတိုင်း ခန့်မှန်းခြေစာရင်းတွက်ချက် တင်ပြရမည်။

**<u>အိတ်ဖွင့်တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်များ</u>**

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ

(ခ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ

(ဂ) လုပ်ငန်းတန်ဘိုးအချုပ်စာရင်း

(ဃ) အဆိုပြု Master Plan

(င) လုပ်ငန်းတစ်ရပ်ခြင်းအတွက်တန်ဘိုး (BQ) , BE, Abstract of Cost, structure Drawing, Architect Drawing , front, back & side elevation နှင့် section တို့ကို မှတ်ပုံတင်အကြီးတမ်း အင်ဂျင်နီယာ လက်မှတ်ရေး ထိုးတင်ပြရမည်။

(စ) တာဝန်ယူဆောင်ရွက်မည့် အင်ဂျင်နီယာများ၏ CV Form များတင်ပြရမည်။တာဝန်ရှိသူမှလုပ်ငန်းခွင် စစ်ဆေးပါက တင်ပြထားသည့် အင်ဂျင်နီယာများ ရှိရမည်။

(ဆ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ(သက်တမ်းပြတ်နေပါကလက်ခံစဉ်းစားမည်မဟုတ်ပါ။)ကုမ္ပဏီဖွဲ့စည်းပုံ၊အင်ဂျင်နီယာစာရင်း၊ စက်ယာဉ်/ယန္တရားစာရင်းနှင့်လုပ်ငန်းဆောင်ရွက်ခဲ့မှု မှတ်တမ်းအထောက်အထားများ

(ဇ) ပိုင်ဆိုင်သောငွေကြေး (ဘဏ်ထောက်ခံချက်အပါအဝင်)

(ဈ) ရင်းနှီးမြှုပ်နှံနိုင်သော ငွေပမာဏ (Bank Statement)

(ည) တင်ဒါအောင်မြင်ပါက Soil Test ပြုလုပ်ပေးမည် ဖြစ်ကြောင်းဝန်ခံချက်

(ဋ) တည်ဆောက်၊ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ချက်ပြဇယား (Schedule programme)

(ဌ) အာမခံစပေါ်ငွေ (Deposit)တင်သွင်းသည့် ချလံမူရင်း (၁)စောင်

(ဍ) ဆောင်ရွက်ရမည့်လုပ်ငန်းအတွက် (BQ), (Drawing) တို့အားသီးခြားစီ တွက်ချက်ရေးဆွဲတင်ပြရမည်။

(ဎ) ဒေသဈေးနှုန်းအရတွက်ချက်ထားပါကြောင်းမှန်ကန်မှု ရှိပါကြောင်းအာမခံလက်မှတ်ရေးထိုးပေးရမည်။

(ဏ) တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း (အတွင်းရေးမှူး၊ တင်ဒါခေါ်ယူရေးအဖွဲ့၊ဆေးတက္ကသိုလ်၊မကွေး) တယ်လီဖုန်းအမှတ် ၀၉-၅၃၄၂၁၄၆၊ ၀၆၃-၂၀၂၃၇၆၂၊ ၀၆၃-၂၀၂၃၇၀၀ လိုင်းခွဲ (၁၂၂)ထံသို့ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။

မှတ်ချက်

(၁) Detail of Measurement, Builder Estimate (တန်ဘိုးတွက်ချက်မှုမပါ), Architect Drawing, Structure Drawing တို့ကို စာအိတ် (A)သို့ထည့်၍ ချိတ်ပိတ်ရန်။

(၂) တင်ဒါလျှောက်လွှာ (တန်ဘိုးဖော်ပြထားရမည်)၊ Bill of Quantities, Abstract of Cost, Builder's Estimate (တန်ဘိုးတွက်ချက်မှုအပါ)တို့ကို စာအိတ် (B)သို့ထည့်၍ ချိတ်ပိတ်ရန်။

အတွင်းရေးမှူး
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဆေးတက္ကသိုလ်မကွေး

ဖြန့်ဝေခြင်း

၁။ ဝန်ကြီးချုပ်၊တိုင်းဒေသကြီးအစိုးရအဖွဲ့၊မကွေးတိုင်းဒေသကြီး

၂။ ညွှန်ကြားရေးမှူးချုပ်၊ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊နေပြည်တော်

၃။ ပါမောက္ခချုပ်၊ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ တက္ကသိုလ်များအားလုံး

၄။ ခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မကွေး (ကြော်ငြာသင်ပုန်းတွင်ကြော်ငြာပေးပါရန်)

၅။ မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မကွေး (ကြော်ငြာသင်ပုန်းတွင် ကြော်ငြာပေးပါရန်)

၆။ တင်ဒါခေါ်ယူရေးအဖွဲ့ဝင်များအားလုံး

၇။ ကြော်ငြာသင်ပုန်းအားလုံး

၈။ ရုံးလက်ခံ၊

၉။ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်၊မကွေး

ပါမောက္ခချုပ်(ရုံး) - 063-23760
Fax - 063-25309
magwaymedicaluniversity@gmail.com
ဌာနမှူး(စီမံ/ဘဏ္ဍာ) - 063-25321
မော်ကွန်းထိန်း - 063-23762
ရုံး - 063-23701
063-23702

စာအမှတ်၊ ၃၂၀၅ /၃ - မကဆ (င)/ ၂၀၂၀
ရက်စွဲ၊၂၀၂၀ခုနှစ်၊အောက်တိုဘာလ(၂၈ )ရက်

သို့

မန်နေဂျာ
ကိုယ်ပွားသတင်းစာတိုက်
မကွေးမြို့

**အကြောင်းအရာ။ ဆေးတက္ကသိုလ်၊မကွေး၏တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအားသတင်းစာများတွင် ထည့်သွင်းကြော်ငြာပေးပါရန်ကိစ္စ။**

အထက်အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ ဆေးတက္ကသိုလ်၊ မကွေး၏ (၂၀၂၀ - ၂၀၂၁ ) ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများဖြစ်သော(၄)ထပ် စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း( ၂၄၀'× ၃၆' × ၄၅' ) RC (အတွင်းရေ၊ မီး၊မိလ္လာ၊Apron & Drain အပါအဝင်)၊ တိုင်းဆေးရုံကြီးရှိGallery A+B ( 80'x56')၊(၂)ဆောင်အတွက်အမိုးပြုပြင်ခြင်း(၆၁၁၈၈/ပ)၊ မျက်နှာကျက်များပြုပြင်ခြင်း(၅၄၀၀၈/ပ)၊ရေလိုင်း၊မီးလိုင်းများပြုပြင်ခြင်း လုပ်ငန်း၊ တိုင်းဆေးရုံကြီးရှိ Post-Motem Teaching Hall ( 40' x 30' x 20' ) အတွက် အတွင်း / အပြင် ဆေးသုတ်ခြင်း (၈၀၀၈/ပ)၊ ရေလိုင်း၊မီးလိုင်းများပြုပြင်ခြင်းလုပ်ငန်း တိုင်းဆေးရုံကြီးရှိ(၂)ထပ်စာသင်ဆောင်(၁၄၄'×၃၈') အတွက်အမိုးပြုပြင်ခြင်း၊ (၄၇၆၀၈/ပ)၊မျက်နှာကျက်များပြုပြင်ခြင်း(၅၆၀၀၈/ပ)၊ရေလိုင်း၊မီးလိုင်းများ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ပူးတွဲပါကြော်ငြာချက်အား မြန်မာ့အလင်း နှင့် ကြေးမုံသတင်းစာများ၌( ၃ .၁၁ .၂၀၂၀) (သို့မဟုတ်) ( ၄ .၁၁ . ၂၀၂၀) ရက်နေ့များတွင် ထည့်သွင်းနိုင်ရေးအတွက်လိုအပ်သည်များစီစဉ်ဆောင်ရွက်ပေးပါရန်ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

ပါမောက္ခချုပ်(ကိုယ်စား)
ပါမောက္ခဒေါက်တာအေးအေးဦး
ဒုတိယပါမောက္ခချုပ်
ဆေးတက္ကသိုလ်၊မကွေး

မိတ္တူကို-
၁။မျှောစာတွဲ
၂။ရုံးလက်ခံ

Z.Y.M/ Word

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

ဆေးတက္ကသိုလ်၊မကွေး

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆေးတက္ကသိုလ်၊မကွေး၊မကွေးမြို့ တွင် ( ၂၀၂၀-၂၀၂၁ ) ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက် ပြုပြင် မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် တရားဝင် အသိအမှတ်ပြု (လိုင်စင်ရ အဖွဲ့အစည်း/ကုမ္ပဏီ) ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဆောင်ရွက်လိုသည့်လုပ်ငန်းများ**

(က) (၄)ထပ်စာသင်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း ( ၂၄၀'× ၃၆' × ၄၅' ) RC (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်)

(ခ) တိုင်းဆေးရုံကြီးရှိGallery A+B( 80'x56')၊ (၂)ဆောင်အတွက်အမိုးပြုပြင်ခြင်း(၆၁၁၈၈/ပ)၊ မျက်နှာကျက်များပြုပြင်ခြင်း(၅၄၀၀၈/ပ)၊ ရေလိုင်း၊မီးလိုင်းများ ပြုပြင်ခြင်းလုပ်ငန်း

(ဂ) တိုင်းဆေးရုံကြီးရှိ Post-Motem Teaching Hall ( 40'x30' x 20' ) အတွက် အတွင်းအပြင် ဆေးသုတ်ခြင်း(၈၀၀၈/ပ)၊ရေလိုင်း၊မီးလိုင်းများ ပြုပြင်ခြင်းလုပ်ငန်း

(ဃ) တိုင်းဆေးရုံကြီးရှိ(၂)ထပ်စာသင်ဆောင် (၁၄၄'×၃၈')အတွက်အမိုးပြုပြင်ခြင်း၊(၄၇၆၀၈/ပ)၊ မျက်နှာကျက်များပြုပြင်ခြင်း၊ (၅၆၀၀၈/ပ)၊ရေလိုင်း၊မီးလိုင်းများ ပြုပြင်ခြင်းလုပ်ငန်း

၃။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန်ဖြစ်ပါသည်။

| | |
|---|---|
| (က) တင်ဒါလျှောက်လွှာရယူရန်နေရာ | - ဆေးတက္ကသိုလ်၊မကွေး |
| (ခ) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ | - (၉.၁၁.၂၀၂၀)၊ တနင်္လာနေ့ |
| (ဂ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ | - (၈.၁၂.၂၀၂၀)၊ အင်္ဂါနေ့ ညနေ (၁၆:၀၀)နာရီ |

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်းလူကိုယ်တိုင်ဖြစ်စေဖုန်း - ၀၉-၅၃၄၃၁၉၀၊ ၀၆၃-၂၀၂၃၇၆၂ သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ဆေးတက္ကသိုလ်၊မကွေး

Z.Y.M/ Word

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်၊မကွေး

ပါမောက္ခချုပ်(ရုံး) - 063-23760
Fax - 063-25309
magwaymedicaluniversity@gmail.com
ဌာနမှူး(စီမံ/ဘဏ္ဍာ) - 063-25321
မော်ကွန်းထိန်း - 063-23762
ရုံး - 063-23701
063-23702

စာအမှတ်၊ ၃၂ ၀၆ /၃ - မကဆ (င)/ ၂၀၂၀
ရက်စွဲ၊၂၀၂၀ခုနှစ်၊အောက်တိုဘာလ( ၂၈ )ရက်

သို့
မန်နေဂျာ
ကိုယ်ပွားသတင်းစာတိုက်
မကွေးမြို့

**အကြောင်းအရာ။ ။ ဆေးတက္ကသိုလ်၊မကွေး၏ သင်တန်းသုံးစက်ပစ္စည်း နှင့် ပရိဘောဂများအား ဝယ်ယူလိုပါ၍ သတင်းစာများတွင် ထည့်သွင်းကြော်ငြာပေးပါရန်ကိစ္စ။**

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ဆေးတက္ကသိုလ်၊ မကွေး၏ (၂၀၂၀ - ၂၀၂၁) ဘဏ္ဍာရေးနှစ် အတွက် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်း ၊ လျှပ်စစ်သုံးပစ္စည်းများ ၊ အရပ်ရပ်သုံးပစ္စည်း၊ ရုံးသုံးစက်ကရိယာများ၊ရုံးသုံးပရိဘောဂများနှင့်Chemicalပစ္စည်းများဝယ်ယူလိုပါ၍ပူးတွဲပါကြော်ငြာချက်အား မြန်မာ့အလင်း နှင့် ကြေးမုံသတင်းစာများ၌ ( ၃ .၁၁ .၂၀၂၀) (သို့မဟုတ်) ( ၄ .၁၁.၂၀၂၀) ရက်နေ့များတွင် ထည့်သွင်းနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးပါရန်ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

ပါမောက္ခချုပ်(ကိုယ်စား)
ပါမောက္ခဒေါက်တာအေးအေးဦး
ဒုတိယပါမောက္ခချုပ်
ဆေးတက္ကသိုလ်၊မကွေး

မိတ္တူကို-
၁။မျှောစာတွဲ
၂။ရုံးလက်ခံ

Z.Y.M/ Word

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ဆေးတက္ကသိုလ်၊မကွေး
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆေးတက္ကသိုလ်၊မကွေး၊ မကွေးမြို့ ( ၂၀၂၀ - ၂၀၂၁ ) ဘဏ္ဍာရေးနှစ် အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါစက်ကိရိယာတန်ဆာပလာပစ္စည်းများဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍တရားဝင်အသိအမှတ်ပြု (လိုင်စင်ရ အဖွဲ့အစည်း/ကုမ္ပဏီ)ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဝယ်ယူလိုသည့်သင်တန်းသုံးပစ္စည်းများ**

(က) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်း (Skill Lab / Lab Apparatus )
(ခ) လျှပ်စစ်သုံးပစ္စည်း
(ဂ) အရပ်ရပ်သုံးပစ္စည်း
(ဃ) ရုံးသုံးစက်ကိရိယာ
(င) ရုံးသုံးပရိဘောဂများ
(စ) Chemical ပစ္စည်းများ
(ဆ) Medical Journal

၃။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန်ဖြစ်ပါသည်။

| | |
|---|---|
| (က) တင်ဒါလျှောက်လွှာရယူရန်နေရာ | - ဆေးတက္ကသိုလ်၊မကွေး |
| (ခ) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ | - (၉.၁၁.၂၀၂၀)၊ တနင်္လာနေ့ |
| (ဂ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ | - (၁၁.၁၂.၂၀၂၀)၊ သောကြာနေ့ ညနေ (၁၆:၀၀)နာရီ |

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ ဖုန်း - ၀၉-၅၃၄၃၁၉၀၊ ၀၆၃-၂၀၂၃၇၆၂ သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဆေးတက္ကသိုလ်၊မကွေး